The Essence

mgyoe.com

# ကာမူဆာ
# တိရစ္ဆာန်ပုံပြင်များ



ကြည်ကြည်မာ
ပြန်ဆိုသည်။

ဒုတိယအကြိမ်

mgyoe.com

mgyoe.com



# ကမ္ဘာ့ တိရစ္ဆာန်ပုံပြင်များ
## ကြည်ကြည်မှ

E00017
1,500.00 KS

mgyoe.com

mgyoe.com

မျက်နှာဖုံးပန်းချီ- ဗိုသံ
ထုတ်ဝေသူ -ဦးစန်းဦး၊စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊
ဖြ၇၊၁ဖြ၄လမ်း၊တာမွေ။
ပုံနှိပ်သူ -ဒေါ်ဝင်းမာ၊စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊
ရန်ကင်း။
ဒုတိယအကြိမ်၊ အုပ်ရေ ၂၀၀၊ ၂၀၁၉၊ ဇူလိုင်

ကမ္ဘာ့တိရစ္ဆာန်ပုံပြင်များ/- ရန်ကုန်။
စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၉။
စာမျက်နှာ ၁၂၇ မျက်နှာ၊
၁၃ စင်တီ× ၁၉ စင်တီ

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ခေါင်းမာတဲ့ ဆင်ကလေး<br>(အာဖရိကပုံပြင်) | ၁ |
| ၂။ | ဝက်ဝံကြီး ကလေးထိန်းရှာ<br>(ရုရှားပုံပြင်) | ၁၀ |
| ၃။ | တရားသူကြီးလုပ်တဲ့ မျောက်<br>(အိန္ဒိယပုံပြင်) | ၁၆ |
| ၄။ | တိရစ္ဆာန်စစ်ပွဲထဲက လင်းနို့<br>(ပါကစ္စတန်ပုံပြင်) | ၂၂ |
| ၅။ | ညက်ကောင်းတဲ့ ယုန်ကလေး<br>(ကမ္ဘောဒီးယားပုံပြင်) | ၂၆ |
| ၆။ | မျောက်ကလေးရဲ့ နှလုံး<br>(အာဖရိကပုံပြင်) | ၃၂ |
| ၇။ | ဂလူ့လို့ခေါ်တဲ့ ဆိတ်သုံးကောင်<br>(မြောက်ဥရောပပုံပြင်) | ၄၁ |
| ၈။ | ဦးထုပ်သည်နဲ့ မျောက်အုပ်<br>(အိန္ဒိယပုံပြင်) | ၄၆ |
| ၉။ | ဝက်ကလေးသုံးကောင်<br>(အင်္ဂလန်ပုံပြင်) | ၅၁ |
| ၁၀။ | ကတ္တရာစေး ကလေးလေး<br>(အမေရိကန်ပုံပြင်) | ၅၆ |


mgyoe.com

mgyoe.com

၁၁။ ယုန်ကလေးရဲ့ စီးတော်မြင်း ၆၃
(အမေရိကန်ပုံပြင်)
၁၂။ အဖြေ ၇၁
(အိန္ဒိယပုံပြင်)
၁၃။ ဘုရင်ကြီးနဲ့ သူ့အမဲလိုက် သိန်းငှက် ၇၇
(ဆီးရီယားပုံပြင်)
၁၄။ တင်းတိမ်ရမှန်းမသိတဲ့ မြင်းကလေး ၈၂
(ဂျာမန်ပုံပြင်)
၁၅။ ယုန်နဲ့ ဝက်ဝံ ၈၇
(တရုတ်ပုံပြင်)
၁၆။ သမင်ကလေးနဲ့ မိကျောင်းကြီး ၉၂
(အင်ဒိုနီးရှားပုံပြင်)
၁၇။ တောထဲက ငနောက်ကလေး ၁၀၂
(တောင်အာဖရိကပုံပြင်)
၁၈။ ချစ်ကြည်ရေး ၁၁၄
(တူရကီပုံပြင်)

*

mgyoe.com

mgyoe.com

## ခေါင်းမာတဲ့ ဆင်ကလေး

[ အာဖရိကပုံပြင် ]

အာဖရိကတိုက်မှာ ဟိုတုန်းက ဆင်မိသားစုကြီးတစ်စု နေထိုင်ကြတယ်။

သူတို့ထဲမှာ ဆင်ကလေးတစ်ကောင်ဟာ အလွန်တစ်ယူသန်တယ်။ သူ့ဘာသာ နေချင်သလို နေတယ်။ သူများက သူ့ကိုလုပ်ခိုင်းတဲ့ အလုပ်ဟူသမျှ သူက မလုပ်ဘူး။ သူ့ကို စေတနာနဲ့ ဖျောင်းဖျတာ၊ တောင်းပန်တာ၊ အပြစ်တင်ပြောဆိုတာတွေ အားလုံး ဘာအရာမှ မထင်ဘူး။ သူကတော့ ထင်သလို လုပ်နေတာပဲ။

တစ်နေ့မှာ မိသားစု တစ်စုလုံးက ချောင်းထဲသွားကစားမယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဖခင်က စကားနားမထောင်တဲ့ ဆင်ကလေးကို ပြောတယ်။

"လာဟေ့ ... ခေါင်းမာတဲ့သားလေး၊ တို့အားလုံး ရေချိုးသွားကြမယ်"

"ကျွန်တော် မသွားချင်ဘူး"

ဆင်ကလေးဟာ ခပ်ရိုင်းရိုင်း ပြန်ပြောတယ်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


"မင်း ရေထဲမှာ ကစားတာ သိပ်ကြိုက်တယ် မဟုတ်လား"

မိခင်က ညင်သာတဲ့အသံနဲ့ သူ့ကိုပြောတယ်။ သူမ သားလေးကို နားချတယ်။

"ဒီနေ့ မသွားဘူး" ဆင်ကလေးဟာ နှုတ်ခမ်းစူနေတယ်။

"လူကြီးစကားလည်း နားမထောင်၊ အကျိုးအကြောင်းလည်း နားမလည်တဲ့ကလေး မလုပ်နဲ့နော်"

ဆင်ကလေးရဲ့အဘိုးက ဖျောင်းဖျတယ်။

"တို့အားလုံး သွားကြရင် မင်းတစ်ယောက်တည်း ကျန်ခဲ့တော့ ပျင်းနေမှာပေါ့"

"ကျွန်တော် ဘယ်တုန်းကမှ မပျင်းဘူး" ဆင်ကလေးက ခေါင်းမာမာနဲ့ ဖြေတယ်။

"အလွန်လှပတဲ့ သဖန်းပင်တစ်ပင်ကို တွေ့ထားတယ်"

ဆင်အဘိုးက သူ့မြေးလေးကို လိုက်ချင်အောင် ပြောတယ်။

"မင်းကို ငါခေါ်သွားမယ်"

ဒီတစ်ခါတော့ ဆင်ကလေးဟာ ငြိမ်နေတယ်။

"အခု ခေါင်းမမာနဲ့တော့ လိုက်ခဲ့ပါ"

ဦးလေးက အော်ပြောတယ်။ ဒီနောက် အဒေါ်က အော်ပြောပြန်တယ်။

"မင်းက တို့ကို ကျီစားနေတာလား၊ မြန်မြန်လာလေ"

ဆင်ကလေးဟာ ခေါင်းမာမာနဲ့ မလှုပ်မယှက် ကြည့်နေတယ်။

"တို့တစ်တွေ ရေထဲမှာ လိုက်တမ်းပြေးတမ်း ကစားမယ်ဆိုတာ မင်းသိလား"

ဆင်ကလေးရဲ့ညီအစ်ကိုမောင်နှမတွေက အော်ပြောတယ်။

"မလိုက်ဘူး၊ မလိုက်ဘူး"

mgyoe.com

mgyoe.com


ဆင်ကလေးဟာ တအားကုန်းအော်ပြီး သစ်တောဆီကို ပြေးသွားတယ်။

ဆင်ကလေးရဲ့အမေဟာ သူ့မသားကလေးကို လိုက်ခေါ်ချင်တယ်။ ဒါပေမဲ့ ဆင်ကလေးအဖေက တားတယ်။

"သွားပလေ့စေ၊ သူ မလိုက်လည်း တို့သွားမှာပဲ။ ဒါမှ သူသိလိမ့်မယ်"

ဒီလိုနဲ့ အားလုံးတဖြည်းဖြည်း ထွက်ခွာသွားကြတယ်။

ဆင်ကလေးဟာ ဆောပတ်ပတ်လည်ကို လှည့်ကြည့်တယ်။ သူ့ကို တစ်ယောက်တည်း ထားရစ်ခဲ့တာ မယုံနိုင်အောင် ဖြစ်နေတယ်။

"ခက်တာပဲ"

ဆင်ကလေးဟာ ဝမ်းနည်းစွာပြောတယ်။ ဆင်ကလေးဟာ အလွန်ဝမ်းနည်းသွားတယ်။ သူတို့ တကယ်ပဲ သွားကြပြီ။ သူတစ်ယောက်တည်း ခြောက်ကပ်ကပ်ကြီး ဖြစ်နေတယ်။ စိတ်ဆိုးပြီး ငိုချလိုက်ချင်တယ်။ အခု ဘယ်သူနဲ့ ကစားရပါလိမ့်။

"ခက်လိုက်တာ"

ဆင်ကလေးဟာ အကျယ်ကြီး ပြောပြန်တယ်။ ဒါပေမဲ့ သူ့စကားကို အိမ်သားတွေ ဘယ်ကြားမှာလဲ။

"သိမယ်" ဆင်ကလေးက ကြိမ်းတယ်။

"ခုကစပြီး ငါ ကလေးမဟုတ်တော့ဘူး" လို့တွေးလိုက်ပြီးတာနဲ့ ဆင်ကလေးဟာ တက်ကြွလာတယ်။ စိတ်ထဲလည်း ပျော်သွားတယ်။

ဒီနောက် သူကတွေးတယ်၊ ငါ တခြားအကောင်တစ်မျိုးမျိုး ဖြစ်သွားရင် ကောင်းမှာပဲ တဲ့။

ဆင်ကလေးက ဒီလိုဆုံးဖြတ်တယ်။

mgyoe.com

mgyoe.com


"ငါ ခြသေ့်တစ်ကောင်ဖြစ်မယ်" သူဟာ ခြေလေးချောင်းကို မိုးပေါ်ထောင်ပြီး လေးပင်စွာ လှဲချလိုက်တယ်။

ဟိုဘက်လှိမ့်လိုက်၊ သည်ဘက်လှိမ့်လိုက် လုပ်နေတယ်။ ခြေထောက်လေးချောင်းကို မိုးပေါ်ထောင်ပြီး လျှောက်ကန်နေတယ်။

ခြသေ့်လေးတွေ ဒီလိုလုပ်တာ သူတွေ့ဖူးတယ်။ ဒါ့ကြောင့် အတုခိုးပြီး လုပ်နေတာ။ ဒါပေမဲ့ ခဏာလည်းနေရော ဆင်ကလေးဟာ ဒီလိုလုပ်တာကို စိတ်မဝင်စားတော့ဘူး။

သူဟာ ပင်ပန်းစွာ ပြန်ထလိုက်တယ်။ သူ့ခြေထောက်ကြီးကို တအားနင်းပြီး မြက်ခင်းထူထူကို ဖြတ်လျှောက်သွားတယ်။

တောဆိတ် တစ်ကောင်ဟာ တောထဲက ပြေးထွက်လာတယ်။ အရပ်လေးမျက်နှာကို ကြောက်ကြောက်နဲ့ ဝေ့ကြည့်နေတယ်။

"တောဆိတ်ကလေးက လှလိုက်တာ" ဆင်ကလေးက စဉ်းစားနေတယ်။

"ငါ သူနဲ့ကစားမယ်"

"ကျွန်တော်လည်း တောဆိတ်တစ်ကောင်ပါပဲ"

ဆင်ကလေးဟာ ဝမ်းသာအားရနဲ့ အကျယ်ကြီးအော်ပြီး တောဆိတ်ကလေးဆီ ပြေးသွားတယ်။ တောဆိတ်ကလေးဟာ တအားလန့်ပြီး သစ်တောထဲကို ခုန်ပေါက်ပြေးဝင်သွားတယ်။

ဆင်ကလေးဟာ တောဆိတ်ကလေး ပေါ့ပေါ့ပါးပါးလေး အဝေးကြီး ခုန်ပြေးသွားသလို အတုခိုးလုပ်ကြည့်တယ်။ အသက်အောင့်ပြီး ပေါင်တံကြီးတွေကို ဆန့်တယ်။

"တောဆိတ်ရဲ့ ခုန်လွှားပုံနဲ့ ငါနဲ့မကိုက်ဘူး ထင်ပါရဲ့"

ဆင်ကလေးဟာ ပြောရင်းဆိုရင်း သစ်ခက်တစ်ခက်ကို ချိုးယူလိုက်တယ်။ သစ်ခက်နဲ့ ယပ်တောင်လုပ်ခတ်တယ်။

mgyoe.com

mgyoe.com


"ဒီလောက်တောင် မြန်မြန်ပြေးတာဟာ အရူးမို့ပဲ" လို့ ပြောလိုက်သေးတယ်။

ကင်းလိပ်ချော တစ်ကောင်ဟာ ဆင်ကလေး ခြေထောက်ရှေ့ကို အသာလေး ရောက်လာတယ်။ ဆင်ကလေးဟာ သူ့နှာတံရှည်ကြီးနဲ့ စိတ်ဝင်စားစွာ ကိုင်ကြည့်မယ်လုပ်တုန်းမှာ ကင်းလိပ်ချောဟာ သစ်ပင်တစ်ပင်ပေါ် ခုန်တက်ပြေးပြီး နွယ်ပင်အနောက် ဝင်ပုန်းနေတယ်။

ဆင်ကလေးဟာ ကင်းလိပ်ချောနောက်ကနေလိုက်ရင်း အော်ပြောတယ်။

"ဟေး... ဘာဖြစ်လို့ တစ်ခါတည်း ထွက်ပြေးတာလဲ၊ ငါမင်းနဲ့ အတူ ကစားချင်တယ်။ ငါလည်း ကင်းလိပ်ချောတစ်ကောင်ပဲဟာ"

"ဒါဖြင့်ရင် မင်းဘာဖြစ်လို့ သစ်ပင်အောက်မှာ ရပ်နေတာလဲ"

ကင်းလိပ်ချောက တဟားဟားရယ်ရင်း မေးတယ်။

"အထက်ကို တက်ခဲ့၊ ငါ့ဘေးရောက်အောင် တက်ခဲ့လေ"

ဆင်ကလေးဟာ အတည်ပေါက်နဲ့ သူ့ရှေ့ခြေထောက် နှစ်ချောင်းကို သစ်ပင်ပေါ် ထောက်ထားတယ်။ သူ့နှာမောင်းရှည်ကြီးနဲ့ နွယ်ပင်ကို ချိတ်ဆွဲပြီး အထက်ကိုတက်ဖို့ လုပ်တယ်။

အဲဒီအချိန်မှာ ကင်းလိပ်ချောက တအားအော်တယ်။

"မင်းရူးနေလား၊ မင်းက ငါ့အလုပဆုံး နေရောင်ပလ္လင်ကို ဆွဲချမလို့လား" လို့ပြောပြီး မျက်စိတစ်မှိတ် အတွင်းမှာပဲ ကင်းလိပ်ချောဟာ သစ်ပင်ပေါ်ကနေ ဆင်းပြီး မြက်ခင်းနဲ့ ချုံပုတ်ပေါင်းကြားမှာ ပျောက်သွားတယ်။

"သူလည်း ငါနဲ့မကစားချင်ဘူး" ဆင်ကလေးဟာ ဒေါသထွက်ထွက်နဲ့ ပြောတယ်။

"ငါ တခြားမိတ်ဆွေ သွားရှာတာပဲ ကောင်းတယ်၊ မင်းက ဘာကြီး

mgyoe.com

mgyoe.com


ကျယ်တာလဲ ငါက မင်းကို အားကိုးမယ်မှတ်လို့လား” ဆင်ကလေးဟာ ဒေါပွပြီး မြက်ခင်းပေါ် လျှောက်သွားတယ်။

ဒီအချိန်မှာ မျောက်ကလေးတချို့ဟာ မြက်ခင်းပေါ်မှာ ထွေးသတ် ကစားနေတယ်။

“သူတို့ကစားတာ တယ်လည်း ပျော်စရာကောင်းပါလား”

ဆင်ကလေးဟာ သဘောပေါက်သွားသလိုလိုနဲ့....

“ငါ ခုမှသိတယ်၊ ငါက မျောက်တစ်ကောင် လုပ်ရမှာ” လို့ပြော တယ်။

“ငါ မင်းတို့နဲ့အတူ ကစားပါရစေ”

ဆင်ကလေးက တောင်းပန်တယ်။

“မင်းကစားချင်သလို ကစားပေါ့ ...” မျောက်တွေက ရူးရူးရှရှ အော်တယ်။ ချက်ချင်းပဲ ရောက်လာတဲ့ ကစားဖော်ဆီကို ဝိုင်းအုံလာ တယ်။

ဆင်ကလေး စိတ်ထဲမှာ အလွန်ပျော်သွားတယ်။ အခုတော့ သူ မိတ်ဆွေရပါပြီ။

ဒါပေမဲ့ ဒါဘာကစားနည်းလို့ ပြောရမလဲ။ မျောက်ကလေး တစ်ကောင်ဟာ ဆင်ကလေးရဲ့ ကျောပေါ်တက်ပြီး သူ့နားရွက်ကို ဆွဲ တယ်။

တခြားတစ်ကောင်က ဆင်ကလေးရဲ့ နှာမောင်းရှည်ကြီးကို ဆွဲပြီး သွားတယ်။ တတိယမျောက်က ဆင်ကလေးရဲ့ အမြီးကိုကိုင်ပြီး နောက် ကို ဆွဲတယ်။

ကျန် မျောက်တွေက ဆင်ကလေးရဲ့ ခြေထောက်ကို ဖက်တက်ပြီး သူ့ဗိုက်ကို ဆွဲလိမ်တယ်။

“မြန်မြန် လွှတ်ကြစမ်း၊ မင်းတို့လုပ်တာ နာလှပြီ”

mgyoe.com

mgyoe.com


ဆင်ကလေးဟာ စိတ်ဆိုးစွာပြောရင်း မျောက်ကလေးတွေကို ခါပစ်ဖို့ ကြိုးစားတယ်။

"ငါ့ကို မြန်မြန်လွှတ်ကြ၊ မင်းတို့ကစားတာ ငါမကြိုက်ဘူး..."

ဆင်ကလေးဟာ ဒေါသထွက်ပြီး ခြေထောက်ဆောင့် အော်နေတယ်။ ဒီတော့မှ မျောက်တွေက လွှတ်လိုက်တယ်။ ဒါပေမဲ့ ဆင်ကလေးကို ဝိုင်းသရော်ကြတယ်။

ဆင်ကလေးဟာ အဲဒီနေရာကနေ အမြန်ထွက်ပြေးတယ်။ သူ့စိတ်ထဲမှာ နည်းနည်းမှ မပျော်ဘူး။

"ငါ အများနဲ့အတူ ရေချိုးဆော့ကစားဖို့ လိုက်သွားရင် ဘယ်လောက်ကောင်းလိုက်မလဲ"

ဆင်ကလေးဟာ နောင်တရစွာ သက်ပြင်းချတယ်။ သက်ပြင်းချပြီးတာနဲ့ ချောင်းဘေးကို တန်းပြေးသွားတယ်။

ဆင်ကလေးဟာ အဝေးကြီးကတည်းက သူ့ညီအစ်ကို မောင်နှမတွေ ရေထဲမှာ ဆော့ကစားနေတဲ့ လက်ခုပ်တီးသံနဲ့ ဆူညံရယ်မောသံကို ကြားရတယ်။

အားလုံး ပျော်မြူးနေတာကို မြင်တွေ့ရတယ်။

"ကျွန်တော်လည်း အတူတူ ကစားမယ်"

ဆင်ကလေးဟာ အကျယ်ကြီးအော်ပြီး ကမ်းဘေးကို ပြေးသွားတယ်။ နားရွက်နှစ်ဖက်ဟာ လေထဲမှာ တဖျပ်ဖျပ်လွင့်နေတယ်။

အဖေက သူ့ကိုကြိုဆိုတဲ့အနေနဲ့ နှာမောင်းနဲ့ ရေကိုစုပ်ပြီး သူ့ကိုယ်ပေါ် တအားမှုတ်ထုတ်တယ်။

ဒီနောက် ဦးလေးက သူ့ကို ရေထဲ အသာတွန်းချတယ်။

ညီအစ်ကို မောင်နှမတွေဟာ စိတ်ပြန်လည်လာတဲ့ ခေါင်းမာကလေးဆီ ပြေးလာတယ်။ ချက်ချင်းပဲ ရေစစ်တိုက် ကစားကြတယ်။

mgyoe.com

mgyoe.com


ဆင်ကလေး စိတ်ထဲမှာ ပျော်နေတယ်။

"ဆင်နဲ့အတူတူ နေတာကမှ စိတ်ချမ်းသာတာ"

သူ့ရင်ထဲမှာ နားလည်သွားတယ်။ အဲဒီနေ့ကစပြီး ဆင်ကလေး ဟာ ခေါင်းမမာတော့ဘူး။ ။

mgyoe.com

mgyoe.com

# ဝက်ဝံကြီး ကလေးထိန်းရှာ

[ ရုရှားပုံပြင် ]

ဟိုးအရင်တုန်းက ဝက်ဝံကြီးတစ်ကောင် ရှိတယ်။ သူ့မှာ ဝက်ဝံငယ် ကလေးတစ်အုပ်မွေးထားတယ်။ သူ့မှာ အိမ်သူမိန်းမ မရှိတော့လို့ အလုပ်တွေ လုပ်လို့ပြီးတယ်ကို မရှိဘူး။

နံနက်အစောကြီးထပြီး ထင်းသွားကောက်ရတယ်။ ဒါပေမဲ့ သူမရှိတဲ့အချိန်မှာ ကလေးတွေကို ဘယ်သူကြည့်ရှုမှာလဲ။

ဝက်ဝံကြီးဟာ ဘယ်လိုလုပ်ရမလဲလို့ အမျိုးမျိုး တွေးတယ်။

နောက်ဆုံးမှာတော့ ဒီလိုဆက်သွားလို့ မဖြစ်တော့ဘူး။ ထိန်းမယ့်သူ မရှိဘဲ ဝက်ဝံကလေးတွေကို လွှတ်ထားလို့ မဖြစ်ဘူး။ လွှတ်ထားရင် အန္တရာယ်တစ်ခုခု ဖြစ်မှာပဲ။

သူတို့ အချင်းချင်းရန်ဖြစ်ပြီး သတ်ကြလို့ မျက်စိကန်းကုန်လိမ့်မယ်။ ရှေ့ခြေနှစ်ဖက်နဲ့ အချင်းချင်း ကုတ်ဖဲ့ကြလို့ သေသွားနိုင်တယ်။ မဖြစ်ဘူး။ အရေးအကြီးဆုံးက ကလေးထိန်းမယ့်သူ ရှာဖို့ပဲ။

ဒါနဲ့ ဝက်ဝံကြီးဟာ မုန့်ကြွပ်တွေ အိတ်အပြည့်ထည့်၊ အိတ်ကို ကျောပေါ်ပိုးပြီး သူ့ကလေးတွေကို ကြည့်ရှုစောင့်ရှောက်မယ့်သူ ထွက်ရှာတယ်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


ဝက်ဝံကြီး ပထမဆုံးတွေ့တာကတော့ ကျီးကန်းပဲ။

"ဟဲလို… ဝက်ဝံကြီး ဘယ်သွားမလို့လဲ"

"ကလေးထိန်းတစ်ယောက် ရှာနေတာပါ။ ကျွန်တော့်ကလေးတွေကို ထိန်းဖို့ပါ။ ကျွန်တော့်မှာလည်း လုပ်စရာ အလုပ်တွေက အများကြီးမို့ ကလေးတွေကို ကြည့်ရှုမယ့်သူ မရှိဘူးဆိုပြီး အိမ်မှာပဲ ကိုယ်တိုင်နေနေလို့ကလည်း မဖြစ်တော့ဘူး"

"ခင်ဗျားအိတ်ထဲက ဘာတွေလဲဗျ"

"မုန့်ကြွပ်တွေပါ"

"ကောင်းပြီ၊ ကျွန်တော့်ကို မုန့်ကြွပ်သုံးချပ်ပေးပါ။ ခင်ဗျားကလေးတွေကို ကျွန်တော် စောင့်ရှောက်ပါမယ်"

ဝက်ဝံကြီးက တွေးနေပြီးမှ ပြောတယ်။

"ကျွန်တော်ပြောတာ နားထောင်ပါ။ ခင်ဗျားကို မုန့်ကြွပ်မပေးချင်တာ မဟုတ်ပါဘူး။ ခင်ဗျား ကလေးထိန်းလုပ်ဖို့ သင့်တော်လား၊ မတော်ဘူးလားဆိုတာပါပဲ"

"ဒီအလုပ်က လွယ်လွယ်ကလေးပါ။ ကျွန်တော် ကလေးထိန်းဖြစ်ရင် သူတို့ကို … ကရား၊ ကရား၊ ကရားလို့ မရပ်မနားတမ်း ပြောနေမှာပေါ့" ကျီးကန်းဟာ နားကြားပြင်း ကတ်စရာအသံနဲ့ ပြောတယ်။

"မဟုတ်ဘူး၊ ကျွန်တော် လိုချင်တဲ့ကလေးထိန်းဟာ ဒါမျိုးမဟုတ်ဘူး" ဝက်ဝံကြီးဟာ ဒီလိုပြောပြီးတာနဲ့ ရှေ့ကို ဆက်သွားတယ်။

ဝက်ဝံကြီးဟာ လင်းတခေါင်းပြောင်တစ်ကောင်နဲ့ တွေ့ပြန်တယ်။

"ဟယ်လို၊ ဝက်ဝံကြီး ဘယ်သွားမလို့လဲ"

"ကျွန်တော် ကလေးထိန်းတစ်ယောက် ရှာနေတာပါ။ ကျွန်တော့်ကလေးတွေကို ထိန်းပေးဖို့ပါ။ ကျွန်တော့်မှာလည်း လုပ်စရာ အလုပ်တွေက အများကြီးမို့ ကလေးတွေကို ကြည့်ရှုမယ့်သူ မရှိဘူးဆိုပြီး ကိုယ်တိုင်

mgyoe.com

mgyoe.com


ပဲ အိမ်မှာနေနေလို့ကလည်း မဖြစ်တော့ဘူး”

“ခင်ဗျား ဒီအိတ်ထဲမှာ ဘာတွေထည့်ထားသလဲ”

“မုန့်ကြွပ်တွေပါ”

“ကောင်းပြီလေ၊ ကျုပ်ကို မုန့်ကြွပ်သုံးချပ်ပေးပါ။ ကျုပ် ခင်ဗျား ကလေးတွေကို ထိန်းပေးမယ်”

“ခင်ဗျား ကလေးထိန်းလုပ်မယ်ဆိုရင် အခက်အခဲတွေ့လိမ့်မယ်” ဝက်ဝံကြီးဟာ ကျီးကန်းကို ပြောသလိုပဲ ခဏတွေးပြီးမှ ပြောတယ်။

“ကလေးထိန်းလုပ်တာ ဘာအခက်အခဲမှ မရှိပါဘူး” ခေါင်းတုံးပြောင် လင်းတဟာ သူ့ဘာသာစကားနဲ့သူ တကျိကျိနဲ့ ပြောနေတယ်။

အသံကစူးရှပြီး နားမခံနိုင်ဘူး။ ဝက်ဝံကြီးရဲ့ နားစည်တောင် ကွဲအက်တော့မလိုပဲ။ ဝက်ဝံကြီးဟာ လင်းတနဲ့ အာညောင်းခံ ပြောနေစရာ မလိုဘူးဆိုပြီး ဆက်လျှောက်သွားတယ်။ သိပ်မသွားလိုက်ရဘူး ဝက်ဝံကြီးဟာ ယုန်ကလေးတစ်ကောင်နဲ့ တွေ့တယ်။

“ဟဲလို၊ ဝက်ဝံကြီး ဘယ်သွားမလို့လဲ”

“ကျွန်တော် ကလေးထိန်း ရှာနေတယ်။ ကျွန်တော့် ကလေးတွေကို ထိန်းပေးဖို့ပါ။ ခင်ဗျား သိမှာပါ။ ကလေးတွေကို ကြည့်ရှုမယ့်သူမရှိဘဲနဲ့ အိမ်မှာ လွှတ်မထားခဲ့နိုင်ဘူး။ ကျွန်တော့်မှာလည်း လုပ်စရာအလုပ် အများကြီးရှိတယ်။ အိမ်ကို မကပ်နိုင်ဘူး”

“ခင်ဗျားအိတ်ထဲမှာ ဘာတွေထည့်ထားသလဲ”

“မုန့်ကြွပ်တွေပါ”

mgyoe.com

mgyoe.com


"ကျွန်တော့်ကို မှန့်ကြွပ်ပေးရင် ကျွန်တော် ကလေးထိန်းပေးချင်ပါတယ်"

"ကောင်းတာပေါ့၊ ကလေးကို ဘယ်လိုထိန်းရမယ်လို့ ခင်ဗျား ထင်သလဲ"

"တစ်ခါမှ ကလေးမထိန်းဖူးပေမဲ့ ကျွန်တော် ကောင်းကောင်း ထိန်းပေးမှာပါ။ ကျွန်တော် ဝက်ဝံကလေးတွေ အနားမှာနေပြီး သူတို့ကို ပြောမယ်။ ချစ်စရာ ဝက်ဝံကလေးတွေ၊ ဒယီးဒယိုင် လမ်းလျှောက်နေတဲ့ ဝက်ဝံလေးတွေ၊ ကောင်းကောင်းလေး ထိုင်နေပါနော်။ လျှောက်အော် မနေပါနဲ့၊ လျှောက်ပြေးမနေပါနဲ့။ ဖေဖေ တောထဲက ပြန်လာရင် မင်းတို့ စားဖို့ ပျားရည်နဲ့ ဘယ်ရီသီးတွေ ယူလာလိမ့်မယ်။ အို...ပျားရည်တွေ ကလည်း အများကြီး၊ စတော်ဘယ်ရီတွေကလည်း ချိုမှချို၊ ကျွန်တော် က သူတို့နဲ့ စကားတွေပြောမယ်။

"သူတိုရဲ့ ကျောလေးတွေကို သပ်မယ်။ ဗိုက်ကလေးတွေကို ပွတ်ပေးမယ်။ ပါးစပ်ကလည်း အို... ဝက်ဝံကလေးတွေ၊ အိုး... ဒယီးဒယိုင် လမ်းလျှောက်နေတဲ့ ရယ်ရွှင်စရာ ဝက်ဝံကလေးတွေလို့ တဖွဖွပြောမယ်"

ဝက်ဝံကြီးဟာ ဒီစကားကို ကြားရပြီး ကျေလည်း ကျေနပ်တယ်။ ကျေးဇူးလည်း တင်တယ်။ ဒါနဲ့ပြောတယ်။

"ကောင်းပြီ၊ အလုပ်ဖြစ်ပြီ။ မင်းဟာ အလွန်တော်တဲ့ ကလေးထိန်း ဖြစ်မှာပါ"

"ကျွန်တော် အလွန်တော်တဲ့ ကလေးထိန်းဖြစ်အောင် လုပ်ပါ မယ်"

ယုန်ကလေးဟာ နားရွက်ကလေးတွေကို ထောင်ပြီး ပြောတယ်။

"အခု အိတ်ထဲမှာ ဘာပါသလဲဆိုတာ ပြပါဦး"

ဝက်ဝံကြီးက အိတ်ကိုဖွင့်ပြတယ်။ ယုန်ကလေးဟာ သူ့နှာခေါင်း

mgyoe.com

mgyoe.com


လေးကို အိတ်ထဲထည့်ပြီး မုန့်ကြွပ်တစ်ချပ်ချင်းကို နမ်းကြည့်တယ်။ မွှေးနေတဲ့ မုန့်ကြွပ်တွေမို့ ယုန်ကလေးကလည်း အလွန်ကျေနပ်တယ်။

ဒါနဲ့ ယုန်ကလေးက ပြောတယ်။ "ကောင်းပြီ ... ဒီကိစ္စကို ဒီတိုင်း သဘောတူကြမယ်"

ဝက်ဝံကြီးဟာ အိတ်ကို ကျောပိုးလိုက်တယ်။ ဒါဟာ ယုန်ကလေးကို ပေးရမယ့်လစာ။ ဝက်ဝံကြီးဟာ ယုန်ကလေးကို သူ့အိမ်ခေါ်သွားတယ်။ သူ့ကလေးတွေဆီကို ခေါ်သွားတယ်။

ဝက်ဝံကြီးက ဝက်ဝံကလေးတွေကို ပြောတယ်။

"ဖေဖေ့ ချစ်သားသမီးတွေ ... မင်းတို့ကို ထိန်းမယ့်သူလာပြီ။ အားလုံး စကားနားထောင်ကြပါ။ လိမ္မာကြပါ"

ယုန်ကလေးဟာ ဝက်ဝံကြီးအိမ်မှာ ပျော်ရွှင်စွာ အလုပ်လုပ်တယ်။ ဝက်ဝံကလေးအားလုံးကို သေချာစောင့်ရှောက်တယ်။ တာဝန်ကျေပွန်တဲ့ ကလေးထိန်း ဖြစ်သွားတယ်။ ။

mgyoe.com

mgyoe.com

## တရားသူကြီးလုပ်တဲ့ မျောက်
[ အိန္ဒိယပုံပြင် ]

ရှေးရှေးတုန်းက တိရစ္ဆာန်အမျိုးမျိုးဟာ လွတ်လပ်စွာ ပြေးလွှားနေထိုင်နိုင်ပြီး တချို့သာ လူနဲ့အတူ နေထိုင်ကြတဲ့အခါမှာပေါ့။

အိန္ဒိယက ပညာရှင်တစ်ယောက်အိမ်မှာ ခွေးတစ်ကောင်နဲ့ ကြောင်တစ်ကောင် မွေးထားတယ်။

တစ်နေ့မှာ အဲဒီပညာရှင်ကို လူတစ်ယောက်က ဖုတ်ပြီးစ ကိတ်မုန့်ပူပူနွေးနွေးတစ်လုံး လာပြီး လက်ဆောင်ပေးတယ်။

သူဟာ ၃–၄ နာရီလောက် အပြင်သွားစရာ ကိစ္စရှိတာနဲ့ ကိတ်မုန့်ကို ထရံပေါ်ရိုက်ထားတဲ့ စင်ပေါ် လုံခြုံစွာ တင်ထားခဲ့တယ်။


ကြောင်ဟာ ပညာရှင်ကို စောင့်ကြည့်နေတယ်။ သူ အိမ်ကလည်း ထွက်ရော ကြောင်ဟာ ပြတင်းပေါက်ဘေးက ကြိမ်ကုလားထိုင်ပေါ် ခုန်တက်တယ်။ ကြိမ်ကုလားထိုင်ပေါ်ကနေ စားပွဲပေါ် ခုန်တက်တယ်။

ဒီနောက် တအားခုန်ပြီး စင်ပေါ်တက်လိုက်တယ်။

စင်ဟာ ထရံပေါ်ဖြစ်သလို ရိုက်ထားတာမို့ ဒီလိုခုန်တက်တာ မခံနိုင်ဘဲ "ဝေါ"ဆို ပြုတ်ကျသွားတယ်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


စင်နဲ့အတူ ကိတ်မုန့်ရော ကြောင်ပါ မြေကြီးပေါ်ပြုတ်ကျလာတယ်။

ခွေးဟာ နေရောင်အောက်မှာ ပျင်းရိစွာ လဲလျောင်းရင်း ခြေဆန့်နေတယ်။ သခင်အပြန်ကို စောင့်နေတယ်။ ရုတ်တရက် အသံကြီးကြီးတာနဲ့ လန့်ခုန်ထပြီး အိမ်ထဲပြေးဝင်လာတယ်။

ကြောင်လက်ထဲက ကိတ်မုန့် မွှေးမွှေးလေးကို မြင်တော့ ကြောင်ကို ခုန်အုပ်တယ်။ ကြောင်လက်ထဲက ကိတ်မုန့်ကို ကိုက်ယူဖို့ လုပ်တယ်။

ကြောင်က အသံစူးစွာအော်ပြီး အားကောင်းရုန်းတယ်။ တစ်အိမ်တည်းနေ အဖော်ခွေးကို မျက်နှာပေါ် ရိုက်ချလိုက်တယ်။ ခွေးက တဝုတ်ဝုတ်နဲ့ဟောင်နေတယ်။

မျောက်တစ်ကောင်ဟာ အဲဒီအချိန်မှာ အိမ်ခြံစည်းရိုးပေါ် တက်နေတယ်။ အိမ်ထဲကို လှမ်းကြည့်နေတယ်။

"ဒီလို သာယာတဲ့နေ့မျိုးမှာ ခင်ဗျားတို့နှစ်ကောင် ဘာဖြစ်လို့ ရန်ဖြစ်တာလဲ" မျောက်က ကျီစားသလိုလိုနဲ့ မေးတယ်။

ခွေးက ဒေါသထွက်ပြီး ဟောင်တယ်။

"ဒီအယုတ်တမာ ကြောင်သူခိုးလေးပေါ့၊ ကျွန်တော်တို့ သခင်ရဲ့ကိတ်မုန့်ကို ခိုးတယ်"

"ဒါ မင်းနဲ့ဘာဆိုင်လဲ"

ကြောင်က ရှက်ဒေါသနဲ့ မြောင်းမြောင်းအော်ပြီး ပြန်ပြောတယ်။

"မင်း နေရောင်အောက်မှာ အိပ်ငိုက်နေတုန်းက ငါ့မှာ ပင်ပင်ပန်းပန်း ကိတ်မုန့်လုပ်နေရတယ်။

"အရှက်မရှိတဲ့ တိရစ္ဆာန်" ခွေးက မကျေမနပ် ဆဲတယ်။

"မင်းက ဒီလိုပြောရင် မင်းတစ်ကောင်တည်း ကိတ်မုန့်ကို အပိုင်စီး

mgyoe.com

mgyoe.com


လို့ ရမယ်ထင်သလား၊ အဲဒါ ငါတို့သခင်ရဲ့ကိတ်မုန့် ငါလည်း တစ်ပုံစာ ပိုင်တယ်"

"မဆူကြနဲ့တော့" မျောက်က ပြောတယ်။

"ဒီကိတ်မုန့်ဟာ မင်းတို့နှစ်ကောင် စားလို့မလောက်လို့လား၊ ဟို စားပွဲခုံပေါ်မှာ ချိန်ခွင်တစ်ခုတွေ့တယ်။ ကျုပ် ခင်ဗျားတို့ကို ညီတူညီမျှ ခွဲဝေပေးမယ်"

ကြောင်နဲ့ခွေးဟာ ဒီနည်းကို သဘောတူကြတယ်။

သူတို့ဟာ စိတ်မအေးနိုင်ဘဲ မျောက်နောက်ကို ကပ်လိုက်ကြတယ်။ သူဘယ်လို ကိတ်မုန့်ကို ဘာနဲ့လှီးသလဲ။ ပြီးတော့ ကိတ်မုန့်တစ်ခြမ်းစီကို ချိန်ခွင်တစ်ဖက် တစ်ချက်စီမှာ ဘယ်လို ထည့်သလဲဆိုတာ ကြည့်တယ်။

ချိန်ခွင်တစ်ဖက်ဟာ "ဝုန်း"ဆို အောက်ကိုကျဆင်းသွားတယ်။

"ဒီတစ်ခြမ်းက နည်းနည်းလေးတာ သေချာတယ်" မျောက်ဟာ အမှုအရာ တည်ကြည်စွာနဲ့ ကောက်ချက်ချတယ်။

ဒါနဲ့ နည်းနည်းဖဲ့ပြီး သူ့ပါးစပ်ထဲ ထိုးထည့်တယ်။ အရသာခံပြီး စားပစ်လိုက်တယ်။

ခွေးနဲ့ကြောင်ဟာ မျှော်လင့်ခြင်းကြီးစွာနဲ့ ချိန်ခွင် တဖြည်းဖြည်း တက်လာတာကို ကြည့်နေတယ်။

"အခုအတော်ပဲ" ခွေးကအော်တယ်။

"မဟုတ်ဘူး"

မျောက်က ပြင်းထန်စွာပြောတယ်။

"ဒီတစ်ခြမ်းက နည်းနည်းလေးနေသေးတယ်။ နောင်မှာ သူများတွေက ကျုပ်ကို တရားမမျှတတဲ့ တရားသူကြီးလို့ ပြောတာမခံနိုင်ဘူး"

mgyoe.com

mgyoe.com


သူက ပြောရင်းဆိုရင်း ကိတ်မုန့်တစ်ဖဲ့ဖဲ့ပြီး သူ့ပါးစပ်ထဲ ထည့်လိုက်တယ်။ ဒါပေမဲ့ သူဖဲ့တာ သိပ်များသွားလို့ တစ်ဖက်က ချိန်ခွင်ခွက်ဟာ အောက်ကို နိမ့်ဆင်းသွားတယ်။

မျောက်က ဘာပြောမှန်းမသိ ပွစိပွစိပြောလိုက်ပြီး ဒုတိယကိတ်မုန့် တစ်ခြမ်းကို နည်းနည်းချင်းဖဲ့တယ်။ ပြီးတော့ အေးအေးဆေးဆေး သူ့ပါးစပ်ထဲ ထည့်တယ်။

ချိန်ခွင်ခွက် ၂ ခုဟာ တဖြည်းဖြည်း ညီလာတယ်။ ဒါပေမဲ့ နောက်ဆုံးအချိန်မှာ မျောက်ဟာ နည်းနည်းကြီးတဲ့ အတုံးကနေ ဖဲ့တာများသွားပြန်တယ်။ ဒါ့ကြောင့် အဲဒီအတုံးဟာ ကျန်တစ်တုံးထက် သေးသွားပြန်တယ်။ ချိန်ခွင်ခွက်လည်း တက်သွားပြန်တယ်။

သူ့အလုပ်ကို အစကနေ ပြန်လုပ်ရတယ်။

ဒီလို အစကနေ ပြန်လုပ်တာ နေ့းပေမဲ့ နောက်ဆုံးမှာ ချိန်ခွင်ခွက်တစ်ခု လုံးဝပြောင်သွားတယ်။ ကျန်တစ်ခုတည်းမှာလည်း သေးသေးလေးတစ်ခဲပဲကျန်တယ်။

ဒီအချိန်မှာ မျောက်က ဒေါပွလာတယ်။ ခွေးနဲ့ကြောင်ကို ဆဲတယ်။

"ဒီလို ရယ်စရာကောင်းတဲ့ ကိစ္စသေးသေးလေးအတွက် မင်းတို့ မပြီးနိုင်အောင် ဆူကြတယ်။ ငါ့ကိုတောင် အဆုံးအဖြတ်ပေးဖို့ ဒုက္ခပေးသေးတယ်။ မင်းတို့ ရှက်ဖို့ကောင်းတယ်။ အခုတော့ ရှင်းပြီ။ ဒီကိတ်မုန့်အခဲလေးကို ငါစားပစ်လိုက်တော့မယ်"

သူက နောက်ဆုံး တစ်လုတ်စာကိုလည်း ပါးစပ်ထဲ ထည့်ပစ်လိုက်တယ်။ ပြီးတော့ ပြတင်းပေါက်ကနေ ခုန်ထွက်သွားတယ်။

ခွေးနဲ့ ကြောင်သာ ဘုမသိဘမသိနဲ့ သူ့ကို ကြောင်ကြည့်နေတယ်။

mgyoe.com

mgyoe.com


"မင်းကြောင့်" ကြောင်က စိတ်ဆိုးတယ်။

"မင်းကရော ဘာဖြစ်လို့ ဒီလောက် တွန့်တိုတာလဲ" ခွေးဟာ ဒေါပွပွနဲ့ တဝုတ်ဝုတ် ဟောင်နေတယ်။

ဒီနောက် စိတ်လက်ကုန်ခန်းပြီး နေပူအောက် ပြန်သွားတယ်။

"ဘယ်သူ့ကိုမှ ယုံလို့ မဖြစ်ဘူး"

သူဟာ ပါးစပ်က မပွင့်တပွင့်ပြောရင်း အိပ်ပျော်သွားတယ်။ ။

mgyoe.com

mgyoe.com

## တိရစ္ဆာန်စစ်ပွဲထဲက လင်းနို့
[ ပါကစ္စတန်ပုံပြင် ]

ဟိုးအရင်တုန်းက ငှက်တွေနဲ့ တောတိရစ္ဆာန်တွေကြားမှာ စစ်ပွဲတကြီးပဲ ဖြစ်ခဲ့တယ်။

နှစ်ဖက်တိုက်လို့ခိုက်လို့ ကောင်းနေချိန်မှာ လင်းနို့ဟာ သစ်ခေါင်းပေါက်တစ်ခုထဲ ဝင်ပုန်းနေလိုက်တယ်။ သူမက တွေးတယ်။

"ဘယ်ဘက်က နိုင်မယ်ဆိုတာ ငါ နည်းနည်းစောင့်ကြည့်ဦးမှ။ တိရစ္ဆာန်ထဲမှာ ငါ့ကိုသေချာသိတဲ့သူ မရှိဘူး။ ငါ ဘယ်သူဘယ်ဝါဆိုတာလည်း မသိကြဘူး။ တစ်ဖက်က ငါ့ကို မြေပေါ်သွား သတ္တဝါလို့ထင်တယ်။ ကျန်တစ်ဖက်ကလည်း ငါ့ကို ငှက်လို့ထင်တယ်။ အကောင်းဆုံးနည်းလမ်းကတော့ တိုက်ပွဲအဆုံးသတ် အခြေအနေကိုကြည့်ပြီး နိုင်တဲ့ဘက် ဝင်နေလိုက်ဖို့ပဲ"

လင်းနို့ဟာ တပ် ၂ တပ်ကြား တိုက်ပွဲကို သေချာစောင့်ကြည့်နေတယ်။

ရုတ်တရက် သူမဟာ ငှက်တွေဘက်က နိုင်သလိုလို ထင်ရတယ်။ ဒါနဲ့ တောင်ပံကိုခတ်ပြီး သူမပုန်းအောင်းနေတဲ့ လုံခြုံတဲ့နေရာကနေ ထွက်လာတယ်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


နိုင်တဲ့ ငှက်အုပ်ဖက် ဝင်မယ်လုပ်တုန်းမှာ သူမဟာ တစ်ခုခုကို သိလိုက်သလို…

“နေဦး၊ အလောတကြီး မလုပ်နဲ့” လို့ မိမိဘာသာပြောပြီး သစ်ခေါင်းထဲ ပြန်ဝင်နေလိုက်တယ်။

“စစ်ပွဲနောက်ဆုံးပိတ် အခြေအနေကို ရှင်းရှင်းလင်းလင်း သိရတော့မှ သူတို့ထဲဝင်မယ်”

စစ်ပွဲအခြေအနေဟာ ရုတ်တရက် ပြောင်းလဲသွားတယ်။ တိရစ္ဆာန်တပ်ကြီးဟာ မိုးပေါ်က စစ်သည်တွေရဲ့ တိုက်ခိုက်မှုကို ကောင်းမွန်စွာ တွန်းလှန်ပစ်လိုက်တယ်။

“ဟား…ဟား၊ ငါစောင့်တာ ဘယ်လောက် ဟုတ်မှန်ပါသလဲ” လင်းနို့ဟာ အထူးဝမ်းသာသွားတယ်။ ခုန်ဆွခုန်ဆွနဲ့ မြေပေါ်နေတိရစ္ဆာန်တို့ကို နှုတ်ဆက်တယ်”

“ကျွန်မကို ကြည့်ပါဦး”

သူမဟာ အဝေးကြီးကတည်းက အော်ဟစ်နေတယ်။

“ကျွန်မဟာ သင်တို့နဲ့ ဆိုင်တယ်။ ကျွန်မသွား အားလုံးဟာ တိရစ္ဆာန်သွား၊ ကျွန်မမျက်နှာက မျောက်နဲ့တူတယ်။ ပြီးတော့ ကျွန်မဟာ သင်တို့လိုပဲ ကျွန်မကလေးကို နို့တိုက်တယ်။ ကျွန်မ သင်တို့ကို တအားဝင်ကူမယ်။ သင်တို့နဲ့ တိုက်ပွဲဝင်မယ်”

ဒီလိုနဲ့ သူမဟာ တိရစ္ဆာန်တပ်ကြီးကို အကြွင်းမဲ့ သစ္စာရှိပါမယ်လို့ သန္နိဋ္ဌာန်ပြုတယ်။

မျောက်က အဖော်တွေရှေ့မှာ လင်းနို့အတွက် စကားပြောပေးတယ်။ သူမဟာ ဂုဏ်ရှိစွာ တပ်ဖွဲ့ဝင် ဖြစ်လာတယ်။

ရဲရင့်တဲ့ ငှက်တပ်ကြီးဟာ လင်းယုန်ရဲ့ ခေါင်းဆောင်မှုအောက်မှာ သူတို့ရန်သူကို ကြဲကြဲခိုင်ခိုင် ခုခံနေတယ်။ ကံကြမ္မာဟာ နောက်ဆုံး

mgyoe.com

mgyoe.com


မှာ သူတို့ဘက် မျက်နှာလှည့်လာတယ်။

သူတို့ စစ်ပွဲအနိုင်ရသွားတယ်။

အဲဒီအချိန်မှာ လင်းနို့ဟာ ရုတ်တရက် ထိတ်လန့်ဖျာမငြိမ် ဖြစ်လာတယ်။ ကြောက်နေတုန်းမှာ လင်းယုန်က ဓားနဲ့ သူ့ကိုထိုးသတ်မယ်ဆိုတာ သိတာနဲ့ သတ္တဝါကြောင်စွာ မိတ်ဆွေတွေကိုပစ်ပြီး တောထဲကို ကိုယ်လွတ်ရုန်း ထွက်ပြေးတယ်။

မည်းမည်းမှောင်နေတဲ့ ဂူတစ်လုံးထဲ ဝင်ပုန်းနေလိုက်တယ်။ နောက်က လိုက်လာသေးလားဆိုတာတောင် မကြည့်ဝံ့ဘူး။

အဲဒီအချိန်ကစပြီး လင်းနို့ဟာ နေ့အချိန်မှာ ချောင်ကြားတို့၊ အပေါက်တို့၊ ဂူတို့ထဲမှာ ပုန်းနေတယ်။ ညကျမှ ထွက်လှုပ်ရှားတယ်။ တိတ်တိတ်ကလေး တဟူးဟူးနဲ့ ပျံသန်းသွားလာတယ်။

ဒါ့ကြောင့် ဘယ်သူမှ သူမကို မမြင်ဘူး။ သူမအသံကို မကြားဘူး။

mgyoe.com

mgyoe.com

## ညဏ်ကောင်းတဲ့ ယုန်ကလေး

[ ကမ္ဘောဒီးယားပုံပြင် ]

တသွင်သွင် စီးဆင်းနေတဲ့ ချောင်းကလေးဘေးမှာ လျှင်မြန်ဖျတ်လတ်တဲ့ ယုန်ကလေးတစ်ကောင် ရှိတယ်။

နေ့ခင်းပိုင်းမှာ ယုန်ကလေးဟာ ရေပေါ်ကိုကိုင်းနေတဲ့ သစ်ပင်ကြီးတစ်ပင်အောက်ရှိ သူ့ယုန်ကျင်းလေးထဲမှာ နေ့လယ်နေ့ခင်း အိပ်စက်နေတတ်တယ်။

နေ့တိုင်းနေ့တိုင်း မနက်ခင်းတို့ ညနေခင်းတို့ ညအချိန်တို့မှာ သစ်တောထဲမှာ ဟိုပြေး၊ သည်ပြေး ခုန်ဆွခုန်ဆွနဲ့ လည်ပတ်ဆော့ကစားရင်း သစ်ရွက်စိမ်းတို့ ပန်းပွင့်တို့ကို ရှာဖွေဝါးမျိုတတ်တယ်။


တစ်မနက်ခင်းမှာတော့ ယုန်ကလေးဟာ တစ်ညလုံးလည်ပတ်ပြီး မိမိကျင်းလေးကိုပြန်မယ်လုပ်တုန်းမှာ ရေထဲက ပုတ်ခတ်သံကြားရတယ်။

ယုန်ကလေးဟာလန့်ပြီး သစ်မြစ်ကြီး တစ်ခုနောက် ဝင်ပုန်းနေလိုက်တယ်။ ခေါင်းကို လက်နဲ့ဖက်ပြီး ကြောက်လွန်းလို့ တုန်ယင်ဝပ်တွားနေတယ်။

အဲဒီမှာ တစ်နေကုန်အောင် ပုန်းနေပြီး ညနေစောင်း ဆူညံသံတွေပျောက်သွားမှ နားရွက်ရှည်တဲ့ ယုန်ကလေးဟာ ချောင်းဘေး ပြန်လာခဲ့

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


တော့တယ်။

ဘယ့်နှယ်ပါလိမ့်။ သစ်ပင်ကြီးကို မတွေ့တော့ဘူး။ ယုန်ကလေးဟာ နားမလည်နိုင်ဘဲ အရပ်လေးမျက်နှာကို ကြည့်တယ်။ ဟိုပြေး သည်ပြေး ဖြစ်နေတယ်။ ရုတ်တရက် ယုန်ကလေးဟာ အဲဒီသစ်ပင်ကြီး ချောင်းဘေးမှာ လဲပြိုနေတာ တွေ့လိုက်တယ်။ သစ်ကိုင်းတချို့ ရေပေါ် ပေါ်နေတယ်။

ယုန်ကလေးဟာ စိတ်ထဲဟာသွားပြီး မိမိကျင်းကလေးထဲမှာ ဝပ်နေတယ်။

အခု ယုန်ကလေးဟာ ဒီကျင်းလေးကို နည်းနည်းမှ မနှစ်သက်တော့ဘူး။

အဲဒီနေ့ ညရောက်တော့ ယုန်ကလေးဟာ ခါတိုင်းလို လည်ပတ်စွန့်စားတာတွေ လုပ်ဖို့ စိတ်မပါတော့ဘူး။ အိပ်မက်ထဲမှာ လူရမ်းကားတစ်ယောက်က ဒီသစ်ပင်ကြီးကို ခုတ်လှဲပစ်တယ်လို့ အိပ်မက်မက်တယ်။

"ငါ အိမ်ကခွာလို့ မဖြစ်တော့ဘူး။ ခွာရင် ဒုက္ခရောက်လိမ့်မယ်" လို့ ယုန်ကလေးက တွေးတယ်။

နောက်နေ့ နံနက်မှာ နားရွက်ရှည်တဲ့ ယုန်ကလေးဟာ ဝမ်းနည်းတဲ့စိတ်နဲ့ တောထဲဝင်ခဲ့တယ်။

စားစရာ မြက်တွေလိုက်ရှာနေရင်း အဲဒီလှပတဲ့ သစ်ပင်ကြီးကိုပဲ စိတ်စွဲနေတယ်။ သစ်ပင်ကြီးဟာ အရွက်အလက်တွေ ဝေဝေဆာနေပြီး မြင့်မားခန့်ညားလိုက်တာလို့ သတိရနေတယ်။

ယုန်ကလေးဟာ မူလက သစ်ပင်ကြီး ရှိတဲ့နေရာကို ပြန်ပြေးလာတယ်။ အဲဒီနေရာမှာ သစ်ငုတ်တိုတစ်ခုသာ ကျန်တော့တာ တွေ့ရတယ်။

သစ်တုံးပြတ်ပေါ်ကနေ ဆေးကပ်တဲ့ ရွှေရောင်သစ်စေးတွေ စီးထွက်နေတာ တွေ့တယ်။ နေ့ခင်း နေပြင်းပြင်းပူတဲ့အတွက် သစ်စေးတွေဟာ

mgyoe.com

mgyoe.com


တလက်လက် အရောင်တောက်နေတယ်။

ယုန်ကလေးဟာ သစ်ငုတ်တိုကို နှစ်သက်သွားပြီး ပျော်နေတယ်။ ယုန်ကလေးက လက်နေတဲ့ သစ်ငုတ်တိုကို အပိုင်ယူမယ်လို့ ဆုံးဖြတ်လိုက်တယ်။

နားရွက်ရှည်တဲ့ ယုန်ကလေးဟာ သစ်ငုတ်တိုပေါ်ကို ကျေကျေနပ်နပ် တက်ထိုင်လိုက်တယ်။ အရပ်လေးမျက်နှာကို ဝမ်းသာစွာကြည့်တယ်။

ဒါပေမဲ့ ခဏလောက် ကြည့်ပြီးတာနဲ့ ပျင်းလာတယ်။ သစ်ငုတ်တိုပေါ်ကနေ ခုန်ဆင်းပြေးမယ်လို့ လုပ်တယ်။

ယုန်ကလေးဟာ ဘာဖြစ်မှန်းမသိဘူး။ သူခုန်ချင်သလို ခုန်လို့မရတော့ဘူး။ သစ်စေးတွေနဲ့ ကပ်မိနေပြီ။

သူက ဟိုလှည့်ဒီလှည့် လုပ်တယ်။ အတင်းဆွဲ၊ အတင်းထတယ်။ ဒါပေမဲ့ ဘာမှမထူးဘူး။ သူ့အမြီးလေးဟာ သစ်ငုတ်တိုပေါ်မှာ မြဲမြဲကပ်နေတယ်။

တကယ်လို့ ခုချိန်မှာ တောကြောင်တို့၊ ကျားမင်းတို့၊ စွန်တို့လာရင် မတွေးဝံ့စရာဘဲ။ သူ့ကို ကိုက်သတ်မှာ။ ယုန်ကလေးဟာ ကြောက်လို့တုန်နေတယ်။

နားရွက်ရှည်တဲ့ ယုန်ကလေးဟာ လန့်ရာက နည်းနည်းသက်သာလာတော့ သူ ဘာလုပ်ရမလဲဆိုတာကို အပြန်ပြန်အလှန်လှန် စဉ်းစားတယ်။

သူဟာ မျက်စိကို အတင်းမှိတ်ထားတယ်။ ဘာလုပ်ရမလဲဆိုတာ စဉ်းစားနေတုန်း ခြင်တို့ ယင်တို့ အနှောင့်အယှက် မခံရအောင်ပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် နည်းတစ်နည်းတော့ ကြံဆရမှာပဲ။

အဲဒီအချိန်မှာပဲ ယုန်ကလေးဟာ ဂျွတ် ဂျွတ် ဂျွတ် နဲ့ခြေသံကြားတယ်။ ကြောက်ပြီး သစ်ငုတ်တိုပေါ်မှာ အတင်းရုန်းတယ်။

mgyoe.com

mgyoe.com


ဆင်တစ်ကောင်ဟာ လျှောက်လာပြီး နှာမောင်းကို ရေထဲနှစ်လိုက်တယ်။

ယုန်ကလေးဟာ ခုမှသက်ပြင်းချနိုင်ပြီး ရုတ်တရက် သူ့အသက်ကယ်ဖို့ နည်းလမ်းတစ်ခု ရလာတယ်။

"ဟေ့.... ဆင်ကြီး ဒါကျုပ်ချောင်းကလေး ဘယ်သူမှ ရေမသောက်ရဘူး"

ဆင်ကြီးဟာ အသက်တစ်ချက် ပြင်းပြင်းရှိုက်လိုက်ပြီး ရေတစ်ငုံ စိတ်ကြိုက် စုပ်ယူလိုက်တယ်။ သတ္တဝါလေးရဲ့ အော်သံကို မကြားရသလိုဘဲ။

"အရှက်မရှိတဲ့ ဆင်ထိုင်းကြီး" ယုန်ကလေးက ဆဲတယ်။

"ပြောတာ ကြားသလား၊ ဒါ ကျုပ်ချောင်းကလေး။ ဘာကြောင့် ကျုပ်ဒီမှာ ထိုင်နေသလဲဆိုတာ မင်းမသိဘူးလား။ ချောင်းကိုစောင့်နေတာ။ ကျုပ်ခွင့်ပြုချက် မရရင် ဘယ်သူမှ ရေမသောက်ရဘူး"

ဆင်ကြီးဟာ ပါးစပ်ကိုဟပြီး ဘာမှမဖြစ်သလိုဘဲ စုပ်ယူထားတဲ့ ရေကို ပြန်မှုတ်ထုတ်လိုက်တယ်။

"ဟဲ့...ငထိုင်း"

ယုန်ကလေးဟာ အော်ကြီးဟစ်ကျယ် ဆဲပါလေရော။

"မင်းပါးစပ်မဟနဲ့၊ နားရွက်ကိုစွင့်ပြီး နားထောင်စမ်း။ မင်းကို သတိပေးမယ် ခုချက်ချင်း ငါ့ချောင်းကလေးက ထွက်မသွားရင် ငါ မင်းခြေထောက်ကို နင်းပစ်မယ်။ မင်းသွားကို ချိုးပစ်မယ်"

"ဟဲ ဟဲ ဟဲ"

သဘောကောင်းတဲ့ ဆင်ကြီးဟာ ရယ်ရင်း နှာမောင်းနဲ့ ရေတော့ ᪲ ပြီး သူ့ဘာသာ ပါးစပ်ထဲ လောင်းထည့်တယ်။

"ကျုပ် တစ်၊ နှစ်၊ သုံးခေါ်မယ်။ သုံးခေါ်လို့ ခင်ဗျား ထွက်မသွား

mgyoe.com

သေးဘူးဆိုရင် ကျုပ်က ခင်ဗျားနှာမောင်းကို ကိုက်ဖြတ်ပစ်မယ်”

ယုန်ကလေးဟာ တအားကုန်းအော် ပြောတယ်။

သူဟာ ခုလိုအကျယ်ကြီးအကြာကြီး တစ်ခါမှ မအော်ဖူးသေးဘူး။

“နှစ်... ခုချက်ချင်း သုံး ခေါ်တော့မယ်နော်”

ယုန်ကလေးက သတိပေးတယ်။

သဘောကောင်းတဲ့ ဆင်ကြီးကို ဒေါသထွက်အောင် လုပ်နေတယ်။ သူသာ သစ်ငုတ်တိုပေါ် အကပ်ခံမနေရရင် ဒီလိုလုပ်မှာ မဟုတ်ပါဘူး။

ဆင်ကြီးဟာ ရေမိုးချိုးလို့ ပြီးသွားပြီ။ ယုန်ကလေး ရှိရာကို ဖြည်းဖြည်း လျှောက်သွားတယ်။

“မင်းဟာ တယ်ကြွားလုံး ထွားတဲ့အကောင်လေးပဲ။ ငါမင်းကို တစ်ချက်တည်း နင်းသတ်လိုက်လို့ ရတယ်သိလား”

ဆင်ကြီးက ဖွဖွလေးပြောပြီး နှာမောင်းနဲ့ ယုန်ကလေးကို ကောက်ယူပြီး မိုးပေါ်မြှောက်ထားလိုက်တယ်။

“စကားကြီး စကားကျယ် ပြောတဲ့အကောင် မင်းမြက်တောထဲပြန်ပြီး ချေးပိုးတုံးကောင်ကို သွားကြွားချေ”

လို့ပြောပြီး ယုန်ကလေးကို မြက်ခင်းပေါ် ပစ်ချလိုက်တယ်။

ယုန်ကလေးဟာ ရုန်းကန်ပြီး ဇတ်ခနဲ ထရပ်လိုက်တယ်။

ဝမ်းသာအားရ သစ်တောထဲ ပြေးဝင်သွားတယ်။

သစ်စေးတွေ ထွက်နေတဲ့ သစ်ငုတ်တိုပေါ်မှာတော့ ယုန်ကလေးရဲ့ အမွေးတစ်ဆုပ် ကပ်ကျန်ရစ်ခဲ့တယ်။

အဲဒီအချိန်ကစပြီး ယုန်ကလေးရဲ့ အမြီးပေါ်မှာ အဖြူကွက်ကလေး ကျန်ရစ်ခဲ့ပြီး အဲဒီနေရာမှာ အမွေးဖြူဖြူနုနုလေးတွေ ပေါက်လာတယ်။ ။

mgyoe.com

mgyoe.com

## မျောက်ကလေးရဲ့ နှလုံး
[ အာဖရိကပုံပြင် ]

ပင်လယ်ကြီးရဲ့အစပ်မှာ အပင်ကြီးတစ်ပင် ပေါက်နေတယ်။

အပင်ကြီးရဲ့ အကိုင်းအခက်တွေဟာ တစ်ဝက်လောက်က ကုန်းပိုင်းမှာ ရှိနေပြီး ကျန်တစ်ဝက်က ရေပေါ်ကို ထိုးကျနေတယ်။

မျောက်ကလေးတစ်ကောင်ဟာ ဒီအပင်ကို သိပ်သဘောကျတယ်။ တစ်နေကုန် တစ်နေခန်း ဒီအပင်ပေါ်မှာ ကစားလေ့ရှိတယ်။ ဟိုအကိုင်း ဒီအကိုင်း ကူးလိုက်၊ ရိုးလေးခိုလိုက်၊ အဖျားပိုင်းတက်ပြီး ဒန်းစီးလိုက်နဲ့ တစ်ခဏလေးတောင် အငြိမ်မနေဘူး။

ဆာလွန်းလို့ အပင်ပေါ်က ချိုမြမြသစ်သီးတွေ ခူးစားတဲ့အခါကျမှသာ ခဏလောက် ငြိမ်ငြိမ်ဆိမ်ဆိမ် ရှိတော့တယ်။

အဲဒီတုန်းက ပင်လယ်ထဲမှာ ငါးမန်းတစ်ကောင် ရှိတယ်။

တစ်နေ့မှာ မျောက်ကလေးဟာ သစ်သီးတစ်လုံးခူးပြီး ရေထဲပစ်ပေါက်လိုက်တယ်။ သစ်သီးဟာ ငါးမန်းဆီ တည့်တည့်ကျသွားတော့ ငါးမန်းက သစ်သီးကို ဟပ်ယူလိုက်တယ်။

သစ်သီးက သိပ်ချိုတယ်။ သိပ်စားလို့ကောင်းတယ်။ ဒါကြောင့် ငါးမန်းဟာ နေ့စဉ် နံနက်တိုင်း ဒီသစ်ပင်ကြီးအောက် လာလာနေတယ်။

mgyoe.com

mgyoe.com



mgyoe.com